# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၂)
## အာဆီယံအဖွဲ့၏ မြန်မာ့အရေးအပေါ် တုံ့ပြန်ဆောင်ရွက်မှုများ

**မြန်မာ့ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးကိစ္စတွေမှာ အာဆီယံဟာ အပြုသဘောချဉ်းကပ်မှုကိုပဲ အစဉ်တစိုက် ကျင့်သုံးခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းချိန်ကစပြီး အာဆီယံက အဖွဲ့အစည်းအနေနဲ့ရော၊ အဖွဲ့ဝင် တနိုင်ငံချင်းအနေနဲ့ပါ မြန်မာ့အရေးကို ကြားဝင်ဖြေရှင်းနိုင်ဖို့ ကြိုးပမ်းမှုတွေရှိခဲ့ပါတယ်။ အခုလာမယ့် ဧပြီ ၂၄ ရက်မှာတော့ ခေါင်းဆောင်တွေ လူကိုယ်တိုင် တွေ့ဆုံဆွေးနွေးကြမယ့် အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပပြီး မြန်မာ့အရေးကို ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဒါဟာ နှစ်ပေါင်း ၅၄ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အဖွဲ့ဝင်နိုင်ငံတခုရဲ့ပြဿနာအတွက် ထိပ်သီးအစည်းအဝေး ခေါ်ယူပြီး အဖြေရှာဖို့ ကြိုးစားတာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအရေးမှာ အာဆီယံရဲ့ အခန်းကဏ္ဍကို လက်တွေ့ကျကျဆင်ခြင်နိုင်ဖို့အပြင် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေး ကိစ္စရပ်တွေမှာ အာဆီယံက ဘယ်လိုအခန်းကဏ္ဍကနေပါခဲ့တယ်၊ ဘယ်လောက် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့သလဲ ဆိုတာ အလေးထား လေ့လာသင့်တဲ့ အကြောင်းအရာတရပ် ဖြစ်ပါတယ်။**

## ဆိုလိုရင်းအနှစ်ချုပ်

အာဆီယံဟာ အဖွဲ့ဝင်နိုင်ငံတွေရဲ့ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ဘူးဆိုတဲ့ မူဝါဒကို လက်ကိုင်ထားလေ့ရှိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွင်းက ဒီမိုကရေစီရေး ကြိုးပမ်းသူတွေအပေါ် ဖိနှိပ်မှုတွေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှု ကိစ္စရပ်တွေကို အာဆီယံက မျက်ကွယ်ပြုသလို ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၀၃ ခုနှစ် ဒီပဲယင်း အရေးအခင်းအပြီးမှာ အပြုသဘောထိတွေ့ဆက်ဆံမှုမူဝါဒနဲ့မြန်မာ့အရေးကိုပိုမိုပါဝင်ဆောင်ရွက်လာပါတယ်။ ဒီလိုဆောင်ရွက်လာတာကလည်း အာဆီယံမှာ မြန်မာ့အရေးကို ထိထိရောက်ရောက်ကိုင်တွယ်ဖို့ နိုင်ငံတကာဖိအားတွေ မြင့်တက်လာတာ၊ ပြီးတော့ အာဆီယံရဲ့ဒေသတွင်းပြဿနာတွေကို ဖြေရှင်းဆောင်ရွက်နိုင်မှုအပေါ် ယုံကြည်မှု ကျဆင်းလာနိုင်တာတွေကြောင့်ဖြစ်တယ်လို့ လန်ဒန်စီးပွားရေးပညာကျောင်းက သုတေသီ Jurgen Haacke က ဆိုပါတယ်။ တဆက်တည်းမှာပဲအာဆီယံအဖွဲ့ဝင်နိုင်ငံတွေဟာနိုင်ငံတခုချင်းစီအလိုက် တန်ဖိုးထားမှု၊ စံနှုန်းတွေ၊ နိုင်ငံရေး စနစ်တွေ ကွဲပြားခြားနားမှု ကြီးမားတာ၊ မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေး အရေးပါမှုနဲ့ မြန်မာနိုင်ငံအတွင်း အမျိုးသားရင်ကြားစေ့ရေးကို လိုလားပေမယ့် ဘယ်လိုပုံစံနဲ့ ဆောင်ရွက်ကြမလဲဆိုတဲ့ ကိစ္စတွေမှာ ထဲထဲဝင်ဝင်ပါဝင်လိုတဲ့ လိုလားချက်မရှိတာတွေကြောင့် အာဆီယံဟာ မြန်မာစစ်တပ်နဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖအစိုးရ)ရဲ့နိုင်ငံရေးဆုံးဖြတ်ချက်တွေအပေါ် များစွာ သက်ရောက်လွှမ်းမိုးနိုင်မှု မရှိခဲ့ဘူးလို့ သူကသုံးသပ်ပါတယ် (Haacke, 2010)။ ဒ့ါအပြင် အင်ဒိုနီးရှားနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေထဲမှာ မြန်မာ့အရေးနဲ့ပတ်သက်ရင် အယူအဆပိုင်းဆိုင်ရာ အခိုင်မာဆုံးရှိတဲ့ နိုင်ငံဖြစ်ပြီး ဦးစီးဦးဆောင် ပြုလေ့ရှိပေမဲ့ ဒီမူဝါဒတွေကို လက်တွေ့မှာ အကောင်အထည်ဖော်နိုင်ဖို့ အလှမ်းဝေးနေသေးတယ်လို့ သူကဆိုပါတယ် (Haacke, 2008)။

ဒါပေမဲ့ ၂၀၀၈ ခုနှစ် ဆိုင်ကလုန်းနာဂစ်အပြီးမှာ မြန်မာစစ်တပ်က နိုင်ငံတကာကယ်ဆယ်ရေး လုပ်သားတွေကို ဝင်ရောက်ခွင့် မပေးခဲ့တာကြောင့် နိုင်ငံတကာဖိအား ပြင်းထန်ချိန်မှာ အာဆီယံအနေနဲ့ အောင်မြင်စွာ ကြားဝင်ညှိနှိုင်းပေးနိုင်ခဲ့ပါတယ်။ အဲဒီအခင်းအကျင်းမှာ အာဆီယံ လူသားချင်းဆိုင်ရာ လုပ်ငန်းအဖွဲ့နဲ့ မြန်မာနိုင်ငံ၊ အာဆီယံနဲ့ ကုလသမဂ္ဂအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှု ယန္တရားတရပ်ကို ဖော်ဆောင်နိုင်ခဲ့ပြီး လူသားချင်းစာနာမှု လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ရေး နိုင်ငံတကာ ကယ်ဆယ်ရေးလုပ်သား ၄,၀၀၀ ကျော်ကို ဗီဇာထုတ်ပေးဖို့ လိုက်လျောခဲ့ရပါတယ် (Labbe and Fan, 2013)။ ဆိုင်ကလုန်း နာဂစ်အရေးမှာ အာဆီယံက ကြားဝင် ဦးဆောင်မှုအခန်းကဏ္ဍ ပေးနိုင်ခဲ့တယ် ဆိုပေမယ့် ဘေးအန္တရာယ်ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာ ကူညီထောက်ပံ့မှုအပေါ်မှာ အခြေခံထားပြီး နိုင်ငံရေးအရ ပတ်သက်မှု အားနည်းတာကြောင့် ဒီအောင်မြင်မှုကို နိုင်ငံရေးနယ်ပယ်မှာ ပုံတူကူးနိုင်ဖို့ ခက်ခဲပါလိမ့်မယ်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၂)

## အာဆီယံအဖွဲ့၏ မြန်မာ့အရေးအပေါ် တုံ့ပြန်ဆောင်ရွက်မှုများ

### ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းမှုအပြီး အာဆီယံအဖွဲ့၏ ထုတ်ပြန်ကြေညာချက်များ

**ဖေဖော်ဝါရီ ၁ ရက်**
**အာဆီယံဥက္ကဋ္ဌ၏ ကြေညာချက်**

- မြန်မာပြည်သူလူထု၏ ဆန္ဒနှင့်အညီ ပုံမှန်အခြေအနေသို့ ပြန်ရောက်ရေး ဆောင်ရွက်ရန် တောင်းဆို။

**ဖေဖော်ဝါရီ ၆ ရက်**
**အာဆီယံ လူ့အခွင့်အရေးကောင်စီ ကြေညာချက်**

- လက်ရှိဖြစ်ပွားနေသော ကိစ္စများကို စိုးရိမ်ပူပန်ကြောင်း ပြောဆို။
- အာဆီယံပဋိညာဉ်ပါ အချက်များ လေးစားလိုက်နာနိုင်ရန် စစ်ကောင်စီအားတိုက်တွန်း။

**မတ် ၂ ရက်**
**အာဆီယံဝန်ကြီးများ အလွတ်သဘော အစည်းအဝေး ထုတ်ပြန်ကြေညာချက်**

- အကြမ်းဖက်မှုများ မပြုလုပ်ကြရန် ပါဝင်ပတ်သက်သူများအား တိုက်တွန်း။

### အာဆီယံ၏ဦးဆောင်မှုဖြင့် ပေါ်ပေါက်ခဲ့သော နာဂစ် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး သုံးပွင့်ဆိုင်ယန္တရား (၂၀၀၈)

မြန်မာနိုင်ငံ
ဗဟိုညှိနှိုင်းဆောင်ရွက်ရေး
ဘုတ်အဖွဲ့

အာဆီယံ အထွေထွေတွင်းရေးမှူး ဦးဆောင်ပြီး
အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ
ကိုယ်စားလှယ်များ ပါဝင်သော
လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းအဖွဲ့

ကုလသမဂ္ဂ၊ နိုင်ငံတကာ
အဖွဲ့အစည်းများ၊ နိုင်ငံများ
ပါဝင်သော အကြံပေးအဖွဲ့

**Tripartite Core Group (TCG)**
မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂမှ
ကိုယ်စားလှယ် သုံးဦးစီပါဝင်သော သုံးပွင့်ဆိုင်အဖွဲ့

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၂)

## အာဆီယံအဖွဲ့၏ မြန်မာ့အရေးအပေါ် တုံ့ပြန်ဆောင်ရွက်မှုများ

### မြန်မာ့အရေး အာဆီယံ၏ တုံ့ပြန်ဆောင်ရွက်မှုများ (၂၀၀၃-၂၀၁၀)

**၂၀၀၄**

မြန်မာစစ်တပ်အနေဖြင့် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှု မလုပ်ပါက နိုင်ငံတကာ၌ ကာကွယ်ပေးတော့မည်မဟုတ်ကြောင်း အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော မလေးရှားပြောကြား (မလေးရှား နိုင်ငံခြားရေးဝန်ကြီး ခရီးစဉ်ကို အာဆီယံဥက္ကဋ္ဌအဖြစ် လာရောက်ရန် ငြင်းဆို၊ ဒေါ်အောင်ဆန်းစုကြည်၊ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့နှင့် တွေ့ဆုံခွင့်မပေးခဲ့)။

**၂၀၀၅**

၂၀၀၃ ခုနှစ် ဒီပဲယင်းအရေးအခင်းနောက်ပိုင်း သိသာသောနိုင်ငံရေး တိုးတက် ပြောင်းလဲမှုမရှိသဖြင့် မြန်မာနိုင်ငံအား အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်မယူရန် ဖိအားပေး။ (နအဖအစိုးရက အလှည့်ကျဥက္ကဋ္ဌရာထူးကို စွန့်လွှတ်ခဲ့)

**၂၀၀၇**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ good office process ကို အာဆီယံထောက်ခံ။ စင်ကာပူနိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားချိန်တွင် မြန်မာ့အရေးကို တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ စသည့် အရှေ့အာရှ အင်အားကြီးနိုင်ငံများပါဝင်သော အခင်းအကျင်းဖြင့် ဆွေးနွေးရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့။ အရှေ့အာရှ ထိပ်သီးဆွေးနွေးပွဲ၌ ကုလအထူးကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီအား ဖိတ်ခေါ်ပြီး စကားပြောစေရန် စင်ကာပူက စီစဉ်ခဲ့သော်လည်း မြန်မာဘက်မှကန့်ကွက်ခဲ့။ ထိပ်သီးအစည်းဝေးပွဲအပြီးတွင် ထုတ်ပြန်သော ဥက္ကဋ္ဌကြေညာချက်တွင် အာဆီယံအနေဖြင့် မြန်မာ့နိုင်ငံ၏ဆန္ဒကို လေးစားကြောင်းနှင့် ကုလသမဂ္ဂ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးတွင် အာဆီယံအနေဖြင့် ကြားဝင်ပေးတော့မည်မဟုတ်ကြောင်း ဖော်ပြ။

**၂၀၀၈**

နာဂစ်အတွက် ကူညီရန်နိုင်ငံတကာ ကယ်ဆယ်ရေးလုပ်သားများကို မြန်မာနိုင်ငံကလက်ခံရန် ငြင်းဆန်သဖြင့် အာဆီယံအနေဖြင့် ပြန်လည် ကြားဝင်ခဲ့ရ။ အာဆီယံ၏ ဦးစီးဦးဆောင်ပြုမှုဖြင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး သုံးပွင့်ဆိုင်ယန္တရား အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့။

**၂၀၀၉**

နေအိမ်အကျယ်ချုပ်စည်းမျဥ်းများကို ဖောက်ဖျက်သည်ဟုစွပ်စွဲကာ ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုချိန်တွင် အာဆီယံဥက္ကဋ္ဌက ကြေညာချက်ထုတ်ပြီး အမြန်ဆုံးလွှတ်ပေးရန် တောင်းဆိုခဲ့ (နအဖမှ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်သက်တမ်း ထပ်မံတိုးမြှင့်ခဲ့)။

**၂၀၀၈**

ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးခြင်းဖြင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် တောင်းဆိုခဲ့ (နအဖက NLD မပါသော ရွေးကောက်ပွဲကို တဖက်သတ်ကျင်းပပြီး စစ်တပ်ထောက်ခံသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အများစု အနိုင်ရခဲ့)။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၂)
## အာဆီယံအဖွဲ့၏ မြန်မာ့အရေးအပေါ် တုံ့ပြန်ဆောင်ရွက်မှုများ

### ဘာကြောင့်အလေးထားသင့်လဲ

မြန်မာနိုင်ငံမှာ ၂၀၁၀ ပြည့်နှစ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကို ဖြစ်စေခဲ့တဲ့ အခင်းအကျင်းမှာ ၂၀၀၃ ခုနှစ် ဒီပဲယင်းအရေး၊ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေး၊ ၂၀၀၈ ခုနှစ် ဆိုင်ကလုန်းနာဂစ်ဒဏ်ခံခဲ့ရမှု စတဲ့ ကိစ္စရပ်တွေက အရေးပါခဲ့ပါတယ်။ အဲဒီကိစ္စရပ်တွေအပြင် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ အခင်းအကျင်းတွေမှာ အာဆီယံက ဘယ်လိုတုံ့ပြန်မှုတွေရှိခဲ့လဲ၊ ဘယ်လိုအခန်းကဏ္ဍကနေ ပါခဲ့သလဲ၊ ဘယ်လောက်ထိရောက်ခဲ့သလဲ၊ ဘယ်လို အကန့်အသတ်တွေ ရှိခဲ့သလဲဆိုတာကို ဒီသုတေသနတွေက လေ့လာထားတာကြောင့် အခုဖြစ်လာတဲ့ အခြေအနေတွေနဲ့ဆက်စပ်ပြီး အလေးထားသင့်တဲ့ အကြောင်းတခု ဖြစ်ပါတယ်။

### မြန်မာနိုင်ငံနဲ့ ဆီလျော်သလား

လက်ရှိ မြန်မာနိုင်ငံမှာ စစ်အာဏာသိမ်းမှုကြောင့် ဖြစ်လာတဲ့ အထွေထွေ အကျပ်အတည်းနဲ့ နိုင်ငံရေးဆိုင်ရာ အရေးဆိုမှုတွေအပေါ် ဖိနှိပ်ခြင်းနဲ့ လူ့အခွင့်အရေးချိုးဖောက်ခံရမှုဖြစ်စဉ်တွေ များလာတဲ့ ကိစ္စရပ်တွေကို နိုင်ငံတကာက အရေးယူကိုင်တွယ်ဖြေရှင်းရာမှာ အာဆီယံက အရေးပါတဲ့နေရာမှာ ရှိနေပါတယ်။ ဒါကြောင့်လည်း မြန်မာ့အရေး ကိစ္စရပ်တွေမှာ အာဆီယံက ဘယ်လို လုပ်ဆောင်ခဲ့သလဲ ဆိုတာတွေက ပစ္စုပ္ပန်အခြေအနေတွေနဲ့ တိုက်ရိုက် ဆီလျော်မှုရှိနေပါတယ်။ အခုချိန်မှာ မြန်မာ့အရေးနဲ့ပတ်သက်ပြီး ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်နိုင်ဖို့ နိုင်ငံတကာရဲ့တောင်းဆိုမှုတွေကို အာဆီယံအနေနဲ့ ရင်ဆိုင်နေရပါတယ်။ ကုလသမဂ္ဂ၊ တရုတ်နဲ့ အခြား အင်အားကြီးနိုင်ငံတွေကလည်း မြန်မာ့အရေးအဖြေရှာမှုမှာ ဒေသတွင်း အဖွဲ့အစည်းဖြစ်တဲ့ အာဆီယံရဲ့ အခန်းကဏ္ဍကို အလေးပေးဖော်ပြနေကြပါတယ်။ ဒါ့အပြင် နှစ်လကျော်အတွင်း လူပေါင်း ၇၀၀ ကျော် သေဆုံးခဲ့ရပြီး ၃,၀၀၀ ကျော် ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ မြေပြင်အခြေအနေမှာ တင်းမာမှုတွေကတဆင့် ပြည်တွင်းစစ် ပိုပြီးအရှိန်ရလာခဲ့ရင် မြန်မာ့အရေးက အိမ်နီးချင်းနဲ့ ဒေသတွင်းနိုင်ငံတွေအပေါ် သက်ရောက်မှု ကြီးမားနိုင်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ကိုယ့်အဖွဲ့ဝင်နိုင်ငံတခုရဲ့အရေးကို အာဆီယံက ထိထိရောက်ရောက် ဖြေရှင်းပေးဖို့ နိုင်ငံတကာဖိအားတွေ မြင့်တက်လာသလို မြန်မာ့အရေးမှာ သက်ရောက်လွှမ်းမိုးနိုင်ခြင်းမရှိခဲ့ရင် အဖွဲ့ရဲ့ ဂုဏ်သိက္ခာနဲ့ ယုံကြည်ကိုးစားခံရမှုကို ထိပါးစေနိုင်တာကြောင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ အနေအထား ဖြစ်လာပါတယ်။

အခြားတဖက်မှာလည်း မြန်မာ့အရေးကို ကိုင်တွယ်ရာမှာ အင်အားကြီးနိုင်ငံတွေအကြား သဘောထားကွဲလွဲမှုတွေ ရှိနေတာကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနဲ့ တညီတညွတ်တည်း သဘောတူဖြေရှင်းနိုင်ဖို့ ခက်ခဲပါတယ်။ မြန်မာစစ်တပ်ကို အမေရိကန်နဲ့ ဥရောပနဲ့ အနောက်နိုင်ငံတွေက ပြင်းထန်တဲ့ဝေဖန်မှုတွေ၊ စီးပွားရေးရာ သံတမန်ရေးရာ ပိတ်ဆို့ပြီး ဖိအားပေးဆောင်ရွက်နေသလို တရုတ်၊ ရုရှား စတဲ့ အင်အားကြီး နိုင်ငံတချို့ကလည်း နိုင်ငံရေးအဖြေရှာမှုထက် တည်ငြိမ်ရေးကို ဦးစားပေးပြီး စစ်တပ်ကို မြန်မြန်အဖြေရှာခိုင်းနေတဲ့ ပုံစံမျိုးကို တွေ့ရပါတယ်။ ဒါပေမဲ့ ကုလသမဂ္ဂရော၊ မြန်မာနိုင်ငံရေးမှာအရေးပါတဲ့ နိုင်ငံတနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံကပါ အာဆီယံရဲ့အခန်းကဏ္ဍကို ထောက်ခံအားပေးထားပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၂)

### အာဆီယံအဖွဲ့၏ မြန်မာ့အရေးအပေါ် တုံ့ပြန်ဆောင်ရွက်မှုများ

လာမယ့် အာဆီယံထိပ်သီးဆွေးနွေးပွဲမှာ တချိန်က ဒေသတွင်း အကျပ်အတည်းချဉ်းကပ်မှုမှာ အောင်မြင်ခဲ့ဖူးတဲ့ မိုဒယ်တပုံစံ (ဆိုင်ကလုံးနာဂစ် ပြည်လည်ထူထောင်ရေး သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှု အတွေ့အကြုံ)ကတဆင့် လက်ရှိအခြေအနေကို ချဉ်းကပ် စဉ်းစားလာနိုင်ပါတယ်။ ဒါပေမဲ့ လက်ရှိ မြန်မာနိုင်ငံရင်ဆိုင်နေရတဲ့ အဓိကပြဿနာဟာ ဆိုင်ကလုန်းနာဂစ် ဖြစ်တုန်းကလို လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးထက် များစွာ ပိုမိုရှုပ်ထွေးတဲ့ နိုင်ငံရေးကိစ္စဖြစ်ပါတယ်။ ဒါ့အပြင် အာဆီယံအဖွဲ့ဝင်တွေကြားမှာလဲ လက်ရှိ မြန်မာနိုင်ငံအရေးကို တက်တက်ကြွကြွ ဦးစီးဦးဆောင်ပြု ဆောင်ရွက်နေတဲ့ အင်ဒိုနီးရှား၊ စင်ကာပူ စတဲ့ နိုင်ငံတွေရှိသလို စစ်ကောင်စီရဲ့တပ်မတော်နဲ့ စစ်ရေးပြအခမ်းအနားကို တက်ရောက်ခဲ့တဲ့ ထိုင်း၊ လာအို၊ ဗီယက်နမ်တို့လို နိုင်ငံတွေလည်း ပါနေတာကြောင့် ထိရောက်တဲ့ ကိုင်တွယ်ဖြေရှင်းမှု ပေါ်ပေါက်ဖို့ရာ အကန့်အသတ်များစွာ ရှိနေပါသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာ့အရေး ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်နိုင်ဖို့ အာဆီယံက ဘယ်လောက်လုပ်ပေးနိုင်မလဲဆိုတာကို ဧပြီ ၂၄ ရက် ထိပ်သီးဆွေးနွေးပွဲက ထွက်ပေါ်လာမယ့်ရလဒ်ကို ကြည့်ရပါမယ်။

တဖက်မှာလည်း မြန်မာ့အရေး အာဆီယံရဲ့အခန်းကဏ္ဍ စဉ်းစားတဲ့အခါ သက်ဆိုင်ရာနိုင်ငံနဲ့ အဖွဲ့တွေရဲ့ အခြေခံ အထိုင်စဉ်းစားချက်တွေ၊ အခြေခံမူဝါဒတွေကို ပေးထားချက်အဖြစ် နားလည်ပြီး စစ်အာဏာရှင်စနစ် အဆုံးသတ်နိုင်ရေး ဦးတည်ချက်အတွက် နိုင်ငံတကာ ဖိအား၊ တွန်းအား၊ ဆွဲအား အားလုံးကို အကျိုးရှိရှိ အသုံးချနိုင်မယ်ဆိုရင် လိုရာပန်းတိုင် ရောက်နိုင်ပါတယ်။

**Further Readings**

Labbe, Jeremie and Fan, Lilianne et.al. (2013). “The Cylone Nargis in Myanmar and the ASEAN Response: The Cooperation from Crisis?”, *International Peace institute*.

Haacke, Jurgen. (2010). “The Myanmar Imgrolio and ASEAN: Heading Towards the 2010 elections.” *International Affairs.* Vol 86. No (1). Pp 153.174.

Haacke,Jurgen.(2008). “ASEAN and Political Change in Myanmar: Towards a regional Initiative?”, Contemporary Southeast Asia, December 2008, Vol.30, No.3.